# ဒုတိယအကြိမ် ကရင်အမျိုးသမီး နီးနှောဖလှယ်ပွဲ
# ထုတ်ပြန်ကြေညာချက်

ဖေဖော်ဝါရီလ 6 ရက်၊ ၂၀၁၇ခုနှစ်။

ကရင်အမျိုးသမီးအစည်းအရုံး(KWO)က ဦးဆောင်သည့် ဒုတိယအကြိမ် ကရင်အမျိုးသမီးများ နီးနှောဖလှယ်ပွဲကို ကရင်ပြည်နယ်၊ လေးဝါး(လော်ခီးလာ)နေရာတွင် ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ၂ရက်မှ ၃ရက်နေ့အထိ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။ နီးနှောဖလှယ်ပွဲတွင် ကရင်ဒေသအသီးသီးမှ ကရင်အရပ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ ကရင်အမျိုးသမီးအဖွဲ့အစည်းများ၊ လူ့အခွင့်အရေးလှုပ်ရှားသူနှင့် တသီးပုဂ္ဂလ အမျိုးသမီးကိုယ်စားလှယ်များသာမက ကျေးရွာအမျိုးသမီးသူကြီးများ အပါအဝင် ကရင်အမျိုးသမီး စုစုပေါင်း (97)ဦး တက်ရောက်ခဲ့ကြသည်။

နှစ်ရက်တာ ကျင်းပသည့် ၎င်းကရင်အမျိုးသမီးနီးနှောဖလှယ်ပွဲတွင် ကရင်လူမှုအသိုင်းအဝိုင်းအတွင်း ကရင်အမျိုးသမီးများ ချိတ်ဆက်လုပ်ဆောင်မှု အားကောင်းလာစေရန်၊ ၎င်းတွေ့ဆုံပွဲတွင် တက်ရောက်လာသော အမျိုးသမီးကိုယ်စားလှယ်များက လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ၏အသံ ပိုမိုကျယ်ပြန့်လာရန်၊ ပဋိပက္ခကာလအတွင်း အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲများ၊ ဒုက္ခသည်များ ပြန်လည်နေရာချထားရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်များ ကာကွယ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာများကို တက်ရောက်လာသည့် အမျိုးသမီးကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

အဆိုပါနီးနှောဖလှယ်ပွဲတွင် ပြုပြင်ပြောင်းလဲရေးကာလတစ်လျှောက် ကရင်အမျိုးသမီးများ လုပ်ဆောင်ခဲ့သော လုပ်ငန်းများကို ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်း၊ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို စီစဉ်ချမှတ်ခြင်းအပြင် အမျိုးသမီးများ တစ်ဦးနှင့်တစ်ဦး ပံ့ပိုးကူညီခြင်းဖြင့် အမျိုးသမီးများ၏ သဘောထား၊ အသံများ ပိုမိုကျယ်ပြန့်လာစေရန်နှင့် ပူးပေါင်းပါဝင်မှု အခွင့်အလမ်းများ ရရှိစေခဲ့သည်။

ယခုတစ်ကြိမ် ပြုလုပ်သော ကရင်အမျိုးသမီးများ နီးနှောဖလှယ်ပွဲတွင်  ကရင်အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲ၊ ပြဿနာများအပေါ် ကိုင်တွယ်ဖြေရှင်းနိုင်ရေးနှင့် ပတ်သက်၍ အောက်ပါဆုံးဖြတ်ချက်များကို အတည်ပြု ချမှတ်ခဲ့ကြသည်။

၁. ကရင်လူမှုအသိုင်းအဝိုင်းအတွင်းရှိ ကရင်အမျိုးသမီးများအား သက်ဆိုင်ရာ အဖွဲ့အစည်းများမှ အတတ်ပညာပိုင်းဆိုင်ရာ တတ်မြောက်စေရေး စွမ်းဆောင်ပေးခြင်းဖြင့် ကရင်အမျိုးသမီးများ၏ ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေပြီး ကရင်တစ်မျိုးသားလုံး၏ အနာဂတ်အတွက် ကရင်လူမှုအသိုင်းအဝန်းတွင်းရှိ လုပ်ဆောင်နေသော ကရင်အမျိုးသမီးများ စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လုပ်ဆောင်သွားမည်။

၂. မြန်မာအစိုးရနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တွေ့ဆုံဆွေးနွေးရာတွင်ဖြစ်စေ၊ ဥပဒေနှင့်အညီ စည်းရုံးလှုံ့ဆော်ရာတွင်ဖြစ်စေ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်လုပ်ဆောင်မှု တိုးတက်ကောင်းမွန်လာစေရန်၊ လူမှုအသိုင်းအဝိုင်းအတွင်းရှိ ကရင်အမျိုးသမီးအချင်းချင်းပူးပေါင်းပြီး ငြိမ်းချမ်းရေးလမ်းစဉ်များ လုပ်ဆောင်နေသော အမျိုးသမီးများထံသို့ သတင်းအချက်အလက်များနှင့် အကြံဉာဏ်ကောင်းများပေးရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ယခုထက် ပိုမိုပါဝင်ဆွေးနွေး၊ တာဝန်ယူလုပ်ဆောင်သွားမည်။

၃။ လူ့အခွင့်အရေးနှင့် ဌာနေတိုင်းရင်းသား အခွင့်အရေးဆိုင်ရာ အခြေခံလူထုကျန်းမာရေး၊ ပညာရေး၊ အမျိုးသမီးများကို တရားမျှတမှုဖြင့် ကာကွယ်စောင့်ရှောက်ရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ မြေယာပိုင်ဆိုင်ခွင့်ရရှိခြင်း၊ ဒုက္ခသည်များ နေရပ်ပြန်လည်ချထားရေးနှင့် ဘဝပြန်လည်ထူထောင်ရေးကဏ္ဍများ၌ ကရင်အမျိုးသမီးများ စည်းစည်းလုံးလုံးနှင့် အားကောင်းစွာ ဆက်စပ်ပူးပေါင်းလုပ်ဆောင်ရန် ကတိပြုခဲ့ကြသည်။

ဆက်သွယ်ရန် -

| | | |
|---|---|---|
| ၁. နော်အုန်းလှ: | +95(0)9778432670,+95(0)9454718543 | (ကရင်နှင့် ဗမာ) |
| ၂. နန်းတင်တင်လှိုင်: | +95(0)9425041734,+95(0)9794614185 | (ကရင်နှင့် ဗမာ) |
| ၃. နော်ထူးထူး : | +66(0)872051856 | (ကရင် ၊ ဗမာနှင့် အင်္ဂလိပ်) |
| ၄. နော်လယ်လားခုထူး: | +66(0)862078993 | (ကရင်နှင့် အင်္ဂလိပ်) |